# ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာ

# ညောင်တုန်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၃-၂၀၂၄)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာ၊ညောင်တုန်းမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

**၂၀၂၃၊ ဩဂုတ်**

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃-၄ |
| | ညောင်ဝိုင်း(မြောက်)ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ညောင်တုန်းမြို့နယ် | ၅ |
| | ညောင်ဝိုင်း(မြောက်)ကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ညောင်တုန်းမြို့နယ် | ၅ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇-၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈-၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉-၁၀ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀-၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၁-၁၂ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂-၁၃ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၃ |
| ၁၁။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၄ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ | |
| | နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း | |
| | နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။ | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစု ပူးပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ဝိုင်း(မြောက်)ကျေးရွာ ၊ညောင်တုန်းမြို့နယ်

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာ ၏ သယံဇာတပြမြေပုံ



# ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာ ၏ သယံဇာတပြမြေပုံ

"ရာသီဥတုပြောင်းလဲမှု ပြက္ခဒိန်" (ညောင်ဝိုင်းမြောက်ကျေးရွာ)

| စဉ် | လများ | ဧပြီ / တန်ခူး | မေ / ကဆုန် | ဇွန် / နယုန် | ဇူလိုင် / ဝါဆို | ဩဂုတ် / ဝါခေါင် | စက်တင်ဘာ / တော်သလင်း | အောက်တိုဘာ / သီတင်းကျွတ် | နိုဝင်ဘာ / တန်ဆောင်မုန်း | ဒီဇင်ဘာ / နတ်တော် | ဇန်နဝါရီ / ပြာသို | ဖေဖော်ဝါရီ / တပို့တွဲ | မတ် / တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်းပွဲ | – | ဝါဆိုပွဲ | – | – | မီးထွန်းပွဲ | ကထိန်ပွဲ | – | – | ထမနဲပွဲ | – |
| ၃။ | လယ်ယာလုပ်ငန်း | – | – | မိုးစပါး | မိုးစပါး | မိုးစပါး | မိုးစပါး | မိုးစပါး | မတ်ပဲ | မတ်ပဲ | မတ်ပဲ | မတ်ပဲ | – |
| ၄။ | ရေလုပ်ငန်း | – | – | – | ငါးဖမ်းခြင်း | ငါးဖမ်းခြင်း | – | – | – | – | – | – | – |
| ၅။ | ကျပ်ရှား/ဘောက် | – | – | ✓ | ✓ | ✓ | – | – | ✓ | ✓ | ✓ | ✓ | – |
| ၆။ | ဝင်ငွေရရှိမှု | ✓ | ✓ | ✓ | – | – | ✓ | ✓ | ✓ | ✓ | – | ✓ | ✓ |
| ၇။ | သီးနှံနှင့်မွေးမြူရေး တိရစ္ဆာန် ရောဂါကျရောက်မှု | – | – | – | စပါး မိုးကျခြင်း | စပါး မိုးကျခြင်း | စပါး မိုးကျခြင်း | – | – | မတ်ပဲ မိုးကျခြင်း | မတ်ပဲ မိုးကျခြင်း | မတ်ပဲ မိုးကျခြင်း | – |
| ၈။ | သဘာဝဘေး | – | – | – | – | – | မြစ်ရေကြီးခြင်း | မြစ်ကမ်းပြိုခြင်း | – | – | – | – | – |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်တုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင်တည်ရှိပါသည်။ အကျယ် အဝန်း အားဖြင့် (၃၄၈.၂၃)စတုရန်းမိုင် (၂၂၂၈၆၈ ဧက)ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှမြောက်သို့(၂၃.၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အထက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့် ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်း၊ အိုင်များ ပေါများပြီး ရေဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များတည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်၊ အနောက် ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ်နှင့်မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ ထိစပ်လျက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန် မှာ ၁၂ ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ(၁၀၈)ရက်ဖြစ်ပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈)လက်မ ဖြစ်ပါသည်။မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လ များဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် အိမ်ထောင်စု (၉၉)စု၌ ကျား (၁၇၀)ဦး၊ မ(၁၇၇)ဦး၊ စုစုပေါင်း လူဦးရေ (၃၄၇)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၁%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင် ပေးနိုင်မည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။ အလုပ်လုပ်နိုင် သော အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေနှင့် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦး ရေမှာ များနေပါသည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၁၁%)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။ မူလတန်းကျောင်းသားအရွယ်နှင့်

(၅)နှစ်အောက်ကလေးငယ် လူဦးရေမှာ (၂%)သာရှိသောကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အနည်းအငယ်သာ ရှိပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် လူမှုရေး အသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း ( ဥပမာ- အဖွဲ့ အစည်းများဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။ ကိုယ်ထူကိုယ်ထ ဆောင်ရွက်လိုစိတ်ရှိသော်လည်း ဆောင်ရွက်လိုသည့်လုပ်ငန်းများ၏ ကုန်ကျငွေများသည် ကျေးရွာ ထည့်ဝင်ငွေဖြင့်လုံလောက်မှုမရှိသောကြောင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပူးပေါင်းဆောင်ရွက် နိုင်သော ကျေးရွာဖြစ်ပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ညောင်တုန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေ ပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၇၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက (၂၇၃)ဧကရှိပြီး စပါးနှင့်ပဲ ကိုသာစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ ရေသွင်း မြောင်းမှ ရေတင်စိုက်ပျိုးကြပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြေ နည်းပါးခြင်း၊ အလုပ်သမား စရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ငွေကြေးအရင်းအနှီး လိုသလောက် မရရှိနိုင်ခြင်းတို့ ဖြစ်ပေါ် လျက်ရှိပါသည်။ သီးနှံ အထွက်နှုန်းများတွင် စပါးအထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ ရောင်းချချိန်တွင် ဈေးကွက်မတည်မငြိမ်ဖြစ်ပေါ်ခြင်း၊ အဆင့်ဆင့်သယ်ယူရခြင်းများကြောင့် အကျိုးအမြတ် ရရှိမှုမှာလည်း နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြေအနေကောင်း တစ်ရပ်အနေဖြင့်

စိုက်ပျိုး သီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အလုံအလောက်ရှိပါသည်။ သီးနှံသယ်ယူ ပို့ဆောင်ရေးမှာလဲ အဆင့်ဆင့်သယ်ယူရသောကြောင့် သယ်ယူစရိတ် မြင့်မားကြောင်း တွေ့ရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ညောင်ဝိုင်း(မြောက်)ရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | စွန်တနီးကမ်းနား | ၁၆ | - | - | - | ၂၂၁ | ၄၉ | - |

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာတွင် ညောင်ဝိုင်း(မြောက်)လုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ မီးဖိုချောင်စရိတ်သက်သာစေရန် ဘဲနှင့် ကြက် စသည့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၅၅%) ခန့်ရှိပြီး အခြားသော မွေးမြူရေးလုပ်ငန်းများကိုလည်း အနည်းငယ် မွေးမြူကြပါသည်။ ဆိတ်၊ နွားမွေးမြူရေး လုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ မွေးမြူရေးဆိုင်ရာအသိပညာနှင့်နည်းပညာ ဝန်ဆောင်မှုများလိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း အဖြစ် လုပ်ငန်းကိုလုပ်ကိုင်ခြင်းမရှိသော်လည်း အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ဆန်စက်နှင့်အခြားလုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက် လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ် ရေး၊ ကျောက်ခွဲလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ အပ်ချုပ်ဆိုင်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း၊ အတတ်ပညာ တက်မြောက်မှု နည်းပါးခြင်း၊ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲများ ရှိနေကြပါသည်။ ကျေးရွာနှင့် မြို့ပေါ်လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပြီး၊ လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်ထားသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင် ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ် နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ အဖွဲ့လိုက် ငွေစု/ငွေချေး အစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၁%)မှ (၂%) ဖြင့်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင်အတိုးနှုန်း (၁၀%)အထက်ဖြင့် ချေးယူကြရခြင်းများလည်း တွေ့ရှိကြပါသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှုအနေအထားမှာ ယေဘုယျ အားဖြင့် အသင့်အတင့်မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များ အနေဖြင့်လည်း ကျေးရွာအရောက်ဝန်ဆောင်ပေးမှုများမှာလည်းမရှိသလောက် အားနည်း နေဆဲဖြစ်သလို ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေ လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ ကုန်ဈေးနှုန်းမြင့်မား လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံ မှုများ နေဆဲပင်ဖြစ်ပါသည်။

၆။ **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် လယ်ယာထွက်ကုန်များ ရောင်းချရန် ကျေးရွာနှင့်(၁၂)မိုင်ခန့် ဝေးကွာသော ညောင်တုန်းမြို့တွင် ဈေးကွက အဲလုံအလောက်ရှိပါသည်။ ကုန်စိမ်းနှင့်သားငါးများကို ခေါင်းရွက်ဈေးသည်များနှင့် ညောင်တုန်းဈေးတွင် ဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ် ဖြင့်လည်းကောင်း၊ ထော်လာဂျီများဖြင့် သော်လည်းကောင်း သယ်ယူ ပို့ဆောင်လျက် ရှိပါသည်။ ကျေးရွာတွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ဆောင်ရေး ယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် စက်လှေများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရောဝတီမြစ်အနီးတွင်ရှိပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ကုန်းလမ်းနှင့် ရေလမ်း(၂)မျိုး အသုံးပြုရပါသည်။ မြစ်နံဘေးတွင် တည်ရှိသောကျေးရွာ ဖြစ်သောကြောင့် ရေလမ်းကိုရာသီအလိုက် အသုံးပြုကြရသော ကြောင့် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲအနည်းငယ် ရှိပါသည်။ မြစ်ကူးတံတား တည်ဆောက်ပါက

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍာပေါင်းစုံသည် ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်ရှိမည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးမပြု နိုင်သောကြောင့် ဆိုလာစနစ်မှလျှပ်စစ်မီးရယူသည့် အခြေအနေဖြစ်ပါသည်။ အခြားသော အိမ်ထောင်စုများတွင် ဘက်ထရီမီးချောင်းကိုသာအသုံးပြုရပါသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းနိုင်ပါက ကျေးရွာမီးလင်းရေးအတွက် ပိုမို ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိမည်ဖြစ်ပါသည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်း အချက်လက် နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV, စလောင်းများ အများအပြား အသုံးပြုလျက်ရှိပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာသူ/သားများမှာ ကြိုးမဲ့ဆက်သွယ် ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့် တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူစွာ ရရှိ နိုင်ပါသည်။

## ၇။ ပညာရေး

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် မူလတန်းကျောင်း မရှိသော်လည်း ကျေးရွာအနီးရှိစာသင်ကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ သွပ်မိုး၊ အုတ်နံရံကာ များဖြင့် တည်ဆောက်ထားသောကျောင်းဆောင်များဖြစ်သောကြောင့် အရည်အသွေး ကောင်းမွန် ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းမရှိသဖြင့် ကလေးအများစုမှာ နီးစပ်ရာ ကျောင်းသို့ ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူကြရပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်မှာလည်း နည်းပါးပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင

ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်းများကြောင့်၊ သင်တန်းများ ပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင် ကျောင်းပညာပြီးမြောက်သူနည်းပါးသောကြောင့် ပညာရေးအတွက် အခက်အခဲရှိနေသည်မှာ ပေါ်လွင်နေပါသည်။ ထို့ကြောင့်မူလတန်းအဆင့် ကျောင်းထွက်နှုန်းများနေကြောင်းတွေ့ရပါသည်။

၈။ **ကျန်းမာရေး**

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျန်းမာရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ (၁၂)မိုင် ခန့်ဝေးသော မြို့နယ်နယ်ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။ ကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးသော သပြေချောင်းကျေးရွာရှိ တိုက်နယ်ဆေးရုံသည် အဆောက်အဦတည်ဆောက်ပြီးစီးသဖြင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပြီးပါကကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ပါသည်။ ကျေးလက်နေ ပြည်သူများအကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတို့အတွက် ကျန်းမာရေးအသိပညာပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိ လိုအပ်သည့်ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက်ရှိပါသည်။ သာမန်အဖျားရောဂါများအတွက် ကျေးရွာအနီးရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ဆောင်မှု ရယူကြရပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် မိုးရေလှောင်ကန်၊ လက်နှိပ်တုံကင်နှင့် အဝီစိတွင်းများကို သုံးစွဲကြပြီး၊ ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိသော်လည်း ရေကိုစစ်၍ သောက်သုံးကြရပါသည်။ ရေကိုသန့်စင်၍ သောက်သုံးရန်

လိုအပ်သော ကျေးရွာဖြစ်ပါသည်။ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင်ကျေးလက်ဒေသ၏ ယင်လုံအိမ်သာ သုံးစွဲမှုရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါ သည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ညောင်တုန်းမြို့နယ်၊ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် မြေဆီလွှာအနေအထားမှာ လယ်မြေ အမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွံ များကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမှာမြင့်မားပါသည်။ သဘာဝ ပတ်ဝန်း ကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုး ကွဲများ၊ ရှားပါး တိရစ္ဆာန်များမရှိပါ။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာသည် ဧရာဝတီမြစ်နံဘေးတွင် တည်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် တခါတရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက် ရှိပြီး မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသတွင် ကျရောက်သော ကျေးရွာဖြစ်သည့် အလျောက် မိုးရွာသွန်းမှုများခြင်း ဖြစ်ပေါ်ပြီး မိုးရေကြီးမှုဖြစ်သော်လည်း ပျက်ဆီး ဆုံးရှုံးမှု မရှိပါ။ လူထု အခြေပြု သဘာဝ ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိ သေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မူခင်းများ ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မူခင်း ကျဆင်း ရေး ပညာပေးဟောပြော ပွဲများအား အခါသင့်သလို ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ညောင်တုန်းမြို့နယ်၊ ညောင်ဝိုင်း(မြောက်)ကျေးရွာအတွင်းရှိ မိဘများသည် သားသမီး များကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူ ပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာ သင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမ တန်းတူအခွင့်အရေးရရှိ ပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း

အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာ သာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှု များကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေး ပေးပြီး ဖိတ်ကြား ခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီး ပါဝင်မှုနှုန်းမှာ နည်းပါသည်။ ကျေးလက်နေ လူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေး ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာ ပေးခြင်းများ တိုးမြှင့် ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

၁၁။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း
နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား
နောက်ဆက်တွဲ ၄။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း
နောက်ဆက်တွဲ ၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလသတ်မှတ်ခြင်း။
နောက်ဆက်တွဲ ၆။ စီမံချက်အဆိုပြုလွှာ။

ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း(မြောက်)ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာ အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးမောင်အေး | ဦးဟန်ကြည် | ၁၄/ညတန(နိုင်)၀၀၉၃၂၈ | ၆၇ | အလယ်တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးရဲမင်းထွန်း | ဦးသိန်းဖေ | ၁၄/ညတန(နိုင်)၁၇၅၅၁၉ | ၂၉ | BE(Mech) | ဘဏ္ဍာရေးမှူး | |
| ၃။ | ဒေါ်ထက်ထက်မိုးဦး | ဦးမောင်ဇော် | ၁၄/ညတန(နိုင်)၁၈၆၄၀၈ | ၂၉ | အလယ်တန်း | စာရင်းကိုင် | |
| ၄။ | ဦးကိုဦး | ဦးတိုးငွေ | ၁၂/တကန(နိုင်)၁၀၂၀၅၆ | ၄၆ | မူလတန်း | အဖွဲ့ဝင် | |
| ၅။ | ဒေါ်သူဇာဝင်း | ဦးဝင်းမောင် | ၁၄/ညတန(နိုင်)၁၃၃၁၄၀ | ၃၃ | အထက်တန်း | အဖွဲ့ဝင် | |
| ၆။ | ဒေါ်ရွှေမာဦး | ဦးငွေးလွင် | ၁၄/ညတန(နိုင်)၁၆၇၂၄၂ | ၃၅ | အလယ်တန်း | အဖွဲ့ဝင် | |
| ၇။ | ဦးဝေယံဖြိုး | ဦးသန်းအောင် | ၁၄/ညတန(နိုင်)၁၈၂၇၅၆ | ၂၈ | မူလတန်း | အတွင်းရေးမှူး | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄ | ၃ | ၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၇ | ၂၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၉ | ၁၅ | ၂၄ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၄ | ၁၂၂ | ၂၄၆ | | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၁၉ | ၃၉ | | |
| **စုစုပေါင်း** | | **၁၇၀** | **၁၇၇** | **၃၄၇** | | ၂ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၉၉ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် အိမ်ထောင်စု(၉၉)စု ရှိ၍လူဦးရေများအနက်မှ အလုပ်လုပ် နိုင်သည့် လူဦးရေ(၇၁%)၊ အသက်(၁၄)နှစ်အောက်လူဦးရေ(၁၇%)၊ သက်ကြီးရွယ်အိုလူဦးရေ(၁၁%)ရှိကြောင်း တွေ့ရှိရ ပါသည်။ နို့စို့အရွယ် (၃)ဦးရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင် လိုအပ်သော ကိစ္စ အဝဝကို ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် | ၇၅ | ၁၁၃ | ၁၃ | ၇၀ | ၄၃ | | မြင့် ☐လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | လုပ်ငန်း | | | | | | | ၁၀နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၅ | မြင့်☐လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား | ၂၆ | ၆၃ | | ၃၃ | ၃၀ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၉၉ | ၁၇၆ | ၁၃ | ၁၀၃ | ၇၃ | ၉ | ☒ |
| | | | | | | | | |
| | | | | | | | | |

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ –"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ပိုင်း(မြောက်) ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်း ပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေး အလုပ်လုပ်ကိုင် ကြသည့် အိမ်ထောင်စုများလည်းရှိပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | **အလုပ်အကိုင်** | **ရတွေက်ပုံ** | **အများဆုံး (ကျပ်)** | | **အနည်းဆုံး (ကျပ်)** | |
|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ကျား** | **မ** |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၈၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |

| စဉ် | **အလုပ်အကိုင်** | **ရတွက်ပုံ** | **အများဆုံး (ကျပ်)** | | **အနည်းဆုံး (ကျပ်)** | |
|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ကျား** | **မ** |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စုလယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)၁၀

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ညောင်ဝိုင်းမြောက် ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး အလုပ်သမား လုပ်အားခ များအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။

(ဂ) **သဘာဝရင်းမြစ်များ**

(ဂ-၁) **စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၆၃** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | - | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၁၁၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၂၇၃** | ☒ |
| | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အများဆုံးရှိပါသည်။ လယ်မြေ များ အရည်အသွေးအသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရပါသည်။

(ဂ-၂)　ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။　ညောင်ဝိုင်း(မြောက်)ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက် ပစ္စည်းများ မရှိပါ။ ကျောက်သဲများအနေဖြင့် ကျေးရွာ၏ အနီးနားကျေးရွာတွင် အလွယ်တကူရနိုင်ပါသည်။ မြေပေါ်ရေ၏ အရင်းအမြစ်များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။ အင်းအိုင်ချောင်းမြောင်းများကို ကျေးရွာအနီးတွင် သဘာဝအတိုင်း တွေ့နိုင်ပါသည်။

(ဃ)　ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၃၃ | ၃၁ | ၂၃ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး အလယ်အလတ်ရှိသောအိမ်အိမ်ထောင်စုများနေပါသည်။ မပြေလည်သောအိမ်ထောင်စု များလည်းရှိပြီး အလွန် မပြေလည် သောအိမ်ထောင်စု(၂၃)စုရှိသည်ကိုလည်းတွေ့ရခြင်းကြောင့်စီးပွားရေးအဆင်မပြေသော ကျေးရွာဖြစ်ကြောင်း တွေ့ရှိ ရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၈ | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၁၈<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ဝိုင်း(မြောက်)ကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်းအရ ချေးငှားခြင်းမရှိဘဲတစ် နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများသည် သုံးလအောက်ဝမ်းစာဖူလုံမှု ရှိပြီး စားဝတ်နေရေးအဆင်ပြေရန် အတွက် ငွေကြိုယူခြင်း၊ချေးယူခြင်းနည်းဖြင့် ဖြေရှင်းနေရကြောင်းတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၃ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ညောင်ဝိုင်း(မြောက်)ကျေးရွာသည် စီးပွားရေးအဆင်မပြေသော အိမ်ထောင်စုများရှိသော်လည်း ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ မရှိကြောင်းတွေ့ရပါသည်။ တစ်ခုလပ် မုဆိုးဖို အိမ်ထောင်စုများသည် ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြောင်းတွေ့ရပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သည့် ဆင်းရဲသော အိမ်ထောင်စု(၃)စု ရှိပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
